ETHNIC ARMED ORGANIZATIONS SUMMIT
LAW KHEE LAR
KAREN STATE
2-9 JUNE 2015

# တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး ထုတ်ပြန်ကြေငြာချက်

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ တွင် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့မှ (၂၄) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းပေါင်း (၁၇) ဖွဲ့အနက် (၁၅) ဖွဲ့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) မှ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် (၉) ကြိမ်မြောက်ပြုလုပ်ခဲ့သည့် NCA ဆွေးနွေးညှိနှိုင်းမှု၏ ရလဒ်များကို ပြန်လည်တင်ပြကာ အတည်ပြုချက်များရယူခဲ့သည်။

ထို့အပြင် (၉) ကြိမ်မြောက် NCA ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးညှိနှိုင်း၍ နှစ်ဘက်သဘောတူညီမှု မရရှိသေးသည့်အချက်ဖြစ်သော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုရာတွင် အားလုံးပါဝင်လက်မှတ်ရေးထိုးရေးမှုနှင့်ပါတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအသီးသီး၏ အမြင်သဘောထားများကို အကြေအလည်ဆွေးနွေးခဲ့ကြပြီး အားလုံးပါဝင်ရေးမူအတွက် ကြိုးပမ်းသွားရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်လက်မှတ်ရေးထိုးရေးမှုနှင့်ပါတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၅) ဖွဲ့ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့၏ ထိပ်သီးကိုယ်စားလှယ်များ နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များပါဝင်သည့် ကိုယ်စားလှယ် (၈) ဦးတို့သည် နေပြည်တော်သို့သွားရောက်၍ နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့နှင့် ဆွေးနွေးညှိနှိုင်းရန် အစည်းအဝေးမှ ထပ်လောင်းဆုံးဖြတ်တာဝန်ပေးအပ်ခဲ့ကြသည်။ လုပ်ပိုင်ခွင့်အာဏာအပါအဝင်ဆွေးနွေးရမည့် အကြောင်းအရာများကိုလည်းချမှတ်ပေးနိုင်ခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် အစိုးရကိုယ်စားလှယ်များ နှစ်ဘက်ညှိနှိုင်းပြီး တွေ့ဆုံရမည့် ရက်သတ်မှတ်ရန်နှင့် အမြန်ဆုံးတွေ့ဆုံညှိနှိုင်းရန် စီစဉ်သွားမည်ဖြစ်သည်။

ယင်းကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးသည် ညီညွတ်မှုကိုထိန်းသိမ်းမြှင့်တင်နိုင်ရုံမျှမက ရှေ့ဆက်လုပ်ငန်းများကိုလည်း တညီတညွတ်တည်း သဘောတူချမှတ်နိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

**ဆက်သွယ်ရန်-**


သတင်းနှင့်ပြန်ကြားရေးအဖွဲ့

ဖုန်း - + 66 (0) 988 509 153

အီးမေးလ် - sd.media.eaos@gmai.com